ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org


# (၇၄) နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့သို့ ပေးပို့သော

## ဂုဏ်ပြုသဝဏ်လွှာ

## ၂၀၂၂ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့

၁။ ယနေ့ကျရောက်သော (၇၄) နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့တွင် ကရင်နီပြည်သူများနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါသည်။

၂။ ၁၉၄၈ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့တွင် ကရင်နီပြည်၏ သီးခြားလွတ်လပ်မှုကို ကာကွယ်ရန်အတွက် ကရင်နီအမျိုးသားများသည် ရရာလက်နက် စွဲကိုင်ပြီး အာဏာရှင် အဆက်ဆက်ကို ခုခံတော်လှန်ခဲ့ကြသည်။

၃။ ကရင်နီပြည်၏အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများအတွင်း စွန့်လွှတ်ပေးဆပ်ခဲ့သော ကရင်နီခေါင်းဆောင်အာဇာနည်များနှင့်တကွ ကရင်နီပြည်သူလူထုတစ်ရပ်လုံးကို လေးနက်စွာ ဦးညွတ်အလေးပြုအပ်ပါသည်။

၄။ ယနေ့အကြမ်းဖက်စစ်အာဏာရှင်ကို ခုခံတွန်းလှန်နေသည့်ကာလတွင်လည်း ကရင်နီပြည်သူလူထုတစ်ရပ်လုံးသည် ရှုပ်ရှုပ်ချုံချုံ ဆင်နွှဲလျက်ရှိသည်။

၅။ ကရင်နီပြည်သူလူထုနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး မျှော်မှန်းတောင့်တလျက်ရှိသော စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အားလုံး ချုပ်ငြိမ်းပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊တန်းတူရေးနှင့် တရားမျှတရေးတို့ကို အပြည့်အဝ အာမခံသော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို အတူတကွ လက်တွဲတည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ